# သတင်းထုတ်ပြန်ချက်

၁။ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ၏ လုပ်ငန်းတာဝန်အပါအဝင် နိုင်ငံတစ်နိုင်ငံချင်းစီအပေါ် သီးခြားရွေးချယ်၍ ဆောင်ရွက်သည့်လုပ်ငန်းတာဝန်မျိုးသည်လူ့အခွင့်အရေးကာကွယ်မြှင့်တင်ရာတွင် စစ်မှန်သောဆွေးနွေးမှုနှင့် အပြုသဘောထိတွေ့မှုများအတွက် ပတ်ဝန်းကျင်ကောင်းတစ်ရပ်ဖန်တီးပေးနိုင်ခြင်းမရှိသဖြင့် ယင်းလုပ်ငန်းတာဝန်များကို မြန်မာနိုင်ငံကမူအားဖြင့် အစဉ်တစိုက်ဆန့်ကျင်ပယ်ချပါသည်။ နိုင်ငံတိုင်း၏လူ့အခွင့်အရေး အခြေအနေကို စဉ်းစားသုံးသပ်လျက် တိုးတက်အောင်ဆောင်ရွက်ရေး၌ ကမ္ဘာလုံးဆိုင်ရာလူ့အခွင့်အရေးအခြေအနေများကိုပုံမှန်သုံးသပ်သည့်လုပ်ငန်းစဉ်သည်သာ ယုံကြည်စိတ်ချထိုက်သလိုလက်ခံဆောင်ရွက်ရန်လည်း အငြင်းပွားမှုမရှိကြဘဲ တန်းတူရည်တူဆောင်ရွက်နိုင်သည့်လုပ်ငန်းစဉ်အဖြစ် လေးလေးနက်နက် ယုံကြည်ပါသည်။

၂။ မြန်မာနိုင်ငံသည် ပူးပေါင်းဆောင်ရွက်မှုကိုအခြေခံသည့် စိတ်ရင်းစေတနာကောင်းဖြင့် မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူအဆက်ဆက်ကို ဖိတ်ကြားလက်ခံလျက်ရှိပါသည်။

၃။ ယင်းစိတ်ဓာတ်အခြေခံဖြင့် မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စယန်ဟီလီအား မြန်မာနိုင်ငံသို့ တတိယအကြိမ်အဖြစ် ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ (၃)ရက်နေ့မှ (၇) ရက်နေ့အထိ (၅)ရက်တာလာရောက်ရန် ဖိတ်ကြားလက်ခံခဲ့ပါ သည်။ ခရီးစဉ်ကာလနှင့်နေရာများသည် မစ္စယန်ဟီလီဘက်မှ လုံခြုံရေးနှင့်စပ်လျဉ်း၍ စိုးရိမ်မှုအပေါ်ချိန်ဆစီစဉ်ခဲ့ခြင်းဖြစ်ပါသည်။ ထို့ပြင် ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလတွင် လာရောက်ခဲ့သည့် မစ္စယန်ဟီလီ၏ ဒုတိယအကြိမ်ခရီးစဉ်အပြီး ၎င်း၏ထင်မြင်ယူဆချက်များအပေါ် ပြည်သူလူထုက သဘောမတူညီမှုများရှိခဲ့သည့် အချက်ကိုလည်း အလေးထားထည့်သွင်းစဉ်းစားခဲ့ပါသည်။

၄။ အထူးအစီရင်ခံစာတင်သွင်းသူသည် သဘာဝဘေး အန္တရာယ်ကျရောက်သောဒေသများအဖြစ် ကြေညာခြင်းခံရသည့်ဒေသများတွင် ပါဝင်သည့် ပြည်နယ်တစ်ခုသို့ ရာသီဥတု အခြေအနေဆိုးရွားသဖြင့် သွားရောက်နိုင်ခဲ့ခြင်းမရှိပါ။ အဆင့်မြင့်အရာရှိကြီးများသည် ရေဘေးသင့်ဒေသများတွင် သဘာဝဘေး အန္တရာယ်တုံ့ပြန် စီမံခန့်ခွဲမှုများ ဆောင်ရွက်နေရသဖြင့် နေပြည်တော်တွင် မစ္စယန်ဟီလီမေတ္တာရပ်ခံသော တွေ့ဆုံမှုအချို့ကို စီစဉ်ပေးနိုင်ခဲ့ ခြင်းမရှိပါ။

၅။ အထူးအစီရင်ခံစာတင်သွင်းသူက အစိုးရ၊ သက်ဆိုင်သူအားလုံးနှင့် ပွင့်လင်းစွာနှင့် အပြုသဘောထိတွေ့ဆောင်ရွက်ရန် ကတိပြုသည်ကိုမြန်မာနိုင်ငံကကောင်းမွန်စွာ မှတ်သားခဲ့ပါသည်။ မတူညီသောသဘောထားအမြင်များကိုသိရှိရန် အထူးအစီရင်ခံစာတင်သွင်းသူ၏ ကြိုးပမ်းအားထုတ်မှုများကို တွေ့ရှိရသဖြင့်လည်း အားရကျေနပ်ပါသည်။ သို့ရာတွင် အထူးအစီရင်ခံစာတင်သွင်းသူ၏ ခရီးစဉ်အပြီးပြောကြားချက်များတွင် အမှန်တရားနှင့် အချက်အလက်များထက် စွပ်စွဲချက်များနှင့် မှန်းဆပြောကြားချက်များ ကျယ်ပြန့်စွာပါဝင်သဖြင့် သတင်းအရင်းအမြစ်များ ကို မတူညီသောနေရာများမှ တိုးတက်ရယူရေးနှင့် ပိုမိုပြည့်စုံစွာရရှိအောင်ဆောင်ရွက်ရန် အထူးအစီရင်ခံစာတင်သွင်းသူအား မြန်မာနိုင်ငံက တိုက်တွန်းအားပေးပါသည်။

၆။ ရွေးကောက်ပွဲများတွင် မဲပေးရေးကဲ့သို့နိုင်ငံတစ်နိုင်ငံ၏နိုင်ငံရေးလုပ်ငန်းစဉ်တွင် ပါဝင်ခွင့်မှာ ၎င်းနိုင်ငံသားများ၏ အခွင့်အရေးဖြစ်ပါသည်။ မြန်မာနိုင်ငံသား ဖြစ်လိုသူများသည် ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသားဥပဒေနှင့်အညီ နိုင်ငံသားလျှောက်ထားနိုင်ပြီး၊ ၎င်းတို့အတွက် ကန့်သတ်တားမြစ်ထားခြင်းမရှိပါ။

၇။ မြန်မာနိုင်ငံက "ရိုဟင်ဂျာ" ဟူသောအသုံးအနှုန်းကို ဆက်လက်ပယ်ချပါသည်။ ယင်းဖန်တီးတီထွင်ထားသည့်အသုံးအနှုန်းကို မြန်မာပြည်သူများက အသိအမှတ် မပြုပါ။

၈။ ခေတ်သစ်မြန်မာနိုင်ငံ၏ အထင်ရှားဆုံးတိုးတက်မှုများတွင် လွတ်လပ်စွာ ထုတ်ဖော်ခွင့်၊ လွတ်လပ်ငြိမ်းချမ်းစွာစုဝေးခွင့်နှင့်အသင်းအဖွဲ့ ဖွဲ့စည်းခွင့်တို့နှင့် ပတ်သက်သည့်နယ်ပယ်လည်း ပါဝင်ပါသည်။ ယင်းအခွင့်အရေးများကို ငြိမ်းချမ်းစွာ ကျင့်သုံးရုံမျှဖြင့် မည်သူမျှ ဖမ်းဆီးခံရခြင်း သို့မဟုတ် တရားစွဲဆို ခံရခြင်းမရှိပါ။

၉။ ရေကြည်ရာမြက်နုရာ အလုပ်အကိုင် အခွင့်အလမ်းရှာဖွေရာမှ ဒေသတွင်း တရားမဝင် ရွှေ့ပြောင်းသွားလာမှုများကို ဖြစ်ပေါ်စေပြီး၊ နစ်နာသူများသည် လူမှောင်ခိုကူးမှုနှင့် လူကုန်ကူးမှု ကွန်ယက်များ၏ အမြတ်ထုတ်ခြင်းခံကြရသည်။ ဒေသတွင်း မူရင်း၊ ကြားခံနှင့် ဦးတည်ရာ နိုင်ငံများသည် ယင်းကိစ္စကို ဖြေရှင်းရန်တိုးတက်ကြိုးပမ်းလျက်ရှိသည်။ လူသားချင်းစာနာထောက်ထားမှုကိုအခြေခံကာ နိုင်ငံတကာအသိုက်အဝန်းအတွင်း တာဝန်သိနိုင်ငံ တစ်နိုင်ငံ အနေဖြင့် မြန်မာနိုင်ငံသည် လူကုန်ကူးခံရသူများကို ကယ်ဆယ်ခြင်း၊ ယာယီအမိုးအကာပေးခြင်း နှင့် အကူအညီပေးခြင်းများကိုမိမိနိုင်ငံ၏ကိုယ်ပိုင်အရင်းအမြစ်များဖြင့် ဆောင်ရွက်ပေးလျက်ရှိ သည်။ ရာချီသည့်လှေစီး သွားလာသူများအား ပြန်လည်ပို့ဆောင်ခြင်းကို ပင်ရင်းနိုင်ငံနှင့် နီးကပ်စွာ ပူးပေါင်း၍ဆက်လက်လုပ်ဆောင်လျက်ရှိသည်။

၁၀။ အထူးအစီရင်ခံစာတင်သွင်းသူသည် အနာဂတ်တွင် ခွဲခြားရွေးချယ်မှုနှင့် ဘက်လိုက်မှု မရှိဘဲ မြန်မာနိုင်ငံသားအားလုံး၏ လူ့အခွင့်အရေးကာကွယ် စောင့်ရှောက်ရေးအတွက် မျှတသော အစီရင်ခံစာတစ်စောင်ရေးသားလိမ့်မည်ဟု မျှော်လင့်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်**